ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် မတ်လအတွက် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly

# INFLATION REPORT

April, 2020

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ မတ်လအတွက် တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ မတ်လ** အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စု အတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၂.၄၀** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူ ဈေးဆနှုန်းမှာ **၁၄၂.၆၉** ရှိပါသည်။ **၂၀၂၀ ပြည့်နှစ်၊ မတ်လ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူ ဈေးဆနှုန်းမှာ **၁၆၀.၀၆** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၆၁.၂၉** နှင့် နှိုင်းယှဉ်ပါက **၀.၇၆%** ကျဆင်းလာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်းတည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ မတ်လ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၂.၈၂** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၂.၉၇** နှင့် နှိုင်းယှဉ်ပါက **၀.၁၁%** ကျဆင်းလာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ မတ်လ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၀.၀၆** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၅၀.၁၃** နှင့်နှိုင်းယှဉ်ပါက **၆.၆၁%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ မတ်လ၏ Core CPI မှာ ၁၄၂.၈၂ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၆.၁၇** နှင့် နှိုင်းယှဉ်ပါက **၁၃.၂၀%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၂.၄၀** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၇၂.၇၆** နှင့်နှိုင်းယှဉ်ပါက **၀.၂၁% ကျဆင်းလာပါသည်။** မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ ကြက်သားဈေးနှုန်းများ၊ ဘဲဥ၊ ကြက်ဥ၊ အချို့သစ်သီးဝလံ ဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက် ဈေးနှုန်းများနှင့် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးခြောက် (အပု/အရှည်) ဈေးနှုန်းများ အနည်းငယ် ကျဆင်းလာပြီး ကြက်သွန်နီနှင့် ခရမ်းချဉ်သီး ဈေးနှုန်း များမှာ ပိုမို၍ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၄၂.၆၉** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၄၅.၁၅** နှင့်နှိုင်းယှဉ်ပါက **၁.၇၀%** ကျဆင်းလာပါ သည်။ ယင်းအုပ်စုအတွင်းရှိ ခုတင်၊ ဗီရို၊ သင်ဖြူးဖျာ၊ ဖယောင်းပုဆိုးစသည့် အိမ်အသုံးအဆောင်

ပစ္စည်းဈေးနှုန်းများမှာ မြင့်တက်နေသော်လည်း ရွှေဈေးနှုန်းနှင့် စက်သုံးဆီဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလာပါသည်။

၅။ **၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လကထက် ၄၆ ကျပ်ခန့် ကျဆင်းနေပါသည်။ ထို့အပြင် ပြည်ပမှတင်သွင်းသည့် လောင်စာဆီဈေးနှုန်းများကျဆင်းလာသကဲ့သို့ ပြည်တွင်းလောင်စာဆီဈေးနှုန်းမှာလည်း သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။


၆။ **၂၀၂၀ ပြည့်နှစ်၊ မတ်လတွင်** အခြေခံစားသောက်ကုန်များတွင် ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေသော်လည်း စားသုံးဆီဈေးနှုန်းများ၊ အသားနှင့်ဥဈေးနှုန်းများ၊ အချို့ဟင်းသီးဟင်းရွက် ဈေးနှုန်းများ ကျဆင်းလာသကဲ့သို့ လောင်စာဆီဈေးနှုန်းများ သည်လည်း သိသိသာသာ ကျဆင်းလာသောကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် ဆက်လက်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၉.၁၀%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၁၁.၇၄%** ရှိပါ သည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၆.၆၁%** ဖြစ်ပြီး အစား အစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၁၃.၂၀%** ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



**တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်**

**(၂၀၂၀ ပြည့်နှစ်၊ မတ်လ)**



| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ နှင့် မတ်လ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ မတ်လ နှင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၀.၀၆ ဖြစ်ရာ ယခင်လအခြေအနေ ၁၆၁.၂၉ နှင့် နှိုင်းယှဉ်ပါက ၀.၇၆% ကျဆင်းလာပါသည်။ ထိုအုပ်စုများအနက် ပညာရေးအုပ်စုမှာ သိသာစွာပြောင်းလဲမှုမရှိသော်လည်း အဝတ်အထည်အုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်၊ ကျန်းမာရေးအုပ်စုတို့မှာ အနည်းငယ်မြင့်တက်နေပါသည်။ သို့သော်ကျန်အုပ်စု၏ ဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလာပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၇၂.၄၀ ရှိ၍ ယခင်လအခြေအနေ ၁၇၂.၇၆ နှင့် နှိုင်းယှဉ်ပါက ၀.၂၁% ကျဆင်းနေပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ၀.၃၆% ၊ ငါးခူ ၁.၅၀%၊ ငါးရံ့ ၂.၇၄%၊ ငါးမြစ်ချင်း ၀.၄၈% ၊ ပုစွန်ခြောက် ၁.၂၉%၊ ငါးရံ့ခြောက် ၁.၁၇% မြင့်တက်လာပါသည်။ သို့သော် မြေပဲဆီ ၀.၀၆%၊ နှမ်းဆီ ၀.၃၈%၊ စားအုန်းဆီ ၂.၆၇%၊ ကြက်သား ၁.၀၉%၊ အမဲသား ၀.၁၀%၊ ဘဲဥ ၃.၅၉% နှင့် ကြက်ဥ ၂.၇၃% ကျဆင်းနေပါသည်။ အလားတူ စားဖိုဆောင်သုံး ပစ္စည်းများဖြစ်သော အာလူးဈေးနှုန်းမှာ ၂.၄၄%၊ ကြက်သွန်နီဈေးနှုန်းမှာ ၃၀.၁၂%၊ ကြက်သွန်ဖြူဈေးနှုန်းမှာ ၄.၉၈% နှင့် ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီးဈေးနှုန်းမှာ ၁၇.၇၉% ဖြင့် သိသိသာသာ ကျဆင်းလျက်ရှိပါသည်။ ထို့အပြင် ဟင်းခတ်အမွှေးအကြိုင်ဈေးနှုန်းများ၊ ပဲအများစု၏ ဈေးနှုန်းများနှင့် အချို့ဟင်းသီးဟင်းရွက်၏ ဈေးနှုန်းများကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၆၅.၀၀ ရှိ၍ ယခင်လအခြေအနေ ၁၇၀.၈၂ နှင့်နှိုင်းယှဉ်ပါက ၃.၄၁% ကျဆင်းလာ

ပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကွမ်းရွက်နှင့် ကွမ်းသီး(အခြမ်း/လုံး)၊ ဈေးနှုန်းများ သိသာစွာကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၂၉.၆၉ ရှိ၍ ယခင်လအခြေအနေ ၁၂၉.၄၄ နှင့်နှိုင်းယှဉ်ပါက ၀.၂၀% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/ အမျိုးသား ဝတ်လုံချည်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဘောင်းဘီ(အတို/အရှည်)၊မိန်းမဝတ်အင်္ကျီ၊ စက်ချုပ်ခ(အမျိုးသမီး) ဈေးနှုန်းများ နှင့် ဖိနပ်(ရော်ဘာ/သားရေစိမ်း) ဈေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၉၉.၈၅ ရှိ၍ ယခင်လအခြေအနေ ၂၀၀.၄၉ နှင့်နှိုင်းယှဉ်ပါက ၀.၃၂% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော ဓနိ၊သက်ငယ်၊ သွပ် နှင့် ဘိလပ်မြေ ဈေးနှုန်းများကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၃၃.၅၄ ရှိ၍ ယခင်လအခြေအနေ ၁၃၃.၄၆ နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ဗီရို၊ သင်ဖြူးဖျာ၊ ဖယောင်းပုဆိုး၊ ရေစုပ်စက်၊ ဘက်ထရီ၊ မီးချောင်း၊ ဆပ်ပြာမှုန့်နှင့် အိမ်အကူဈေးနှုန်းများ အနည်းငယ်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၆၁.၈၃ ရှိ၍ ယခင်လအခြေအနေ ၁၆၁.၅၅ နှင့်နှိုင်းယှဉ်ပါက ၀.၁၇% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးကုသစရိတ်၊ ဆေးဈေးနှုန်းနှင့် ဆေးရုံစရိတ်ဈေးနှုန်းများမှာ ရာသီအကူးအပြောင်းကာလဖြစ်၍ ဖျားနာသူများပြားလာသောကြောင့် ဆက်လက် မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၀၆.၄၇ ရှိ၍ ယခင်လအခြေအနေ ၁၁၄.၆၂ နှင့် နှိုင်းယှဉ်ပါက ၇.၁၁% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော မော်တော်ကားဈေးနှုန်းမှာ အနည်းငယ်

မြင့်တက်လျက်ရှိသော်လည်း ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၀၈၈.၂၃ ကျပ် မှ ၃၁၄၀.၄၅ ကျပ်သို့လည်းကောင်း၊ ဓာတ်ဆီ တစ်ဂါလန်လျှင် ၃၇၆၆.၉၃ ကျပ် မှ ၂၉၂၉.၃၃ ကျပ်သို့လည်းကောင်း သိသိသာသာကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၀၁.၃၃ ရှိ၍ ယခင်လအခြေအနေ ၁၀၁.၃၈ နှင့် နှိုင်းယှဉ်ပါက သိသာစွာကျဆင်းမှုမရှိပါ။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်း/ မိုဘိုင်းလ်ဖုန်းဈေးနှုန်းများ အနည်းငယ်သာ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၂၃.၂၄ ရှိ၍ ယခင်လအခြေအနေ ၁၂၃.၃၉ နှင့်နှိုင်းယှဉ်ပါက ၀.၁၂% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ ကွန်ပျူတာနှင့် ဗလာစာအုပ်ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၄၀.၀၄ ရှိ၍ ယခင်လအခြေအနေ ၁၄၀.၀၃ နှင့်နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲမှုခြင်းမရှိပါ။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၃၇.၃၅ ရှိ၍ ယခင်လအခြေအနေ ၁၃၇.၅၀ နှင့် နှိုင်းယှဉ်ပါက၀.၁၁% ကျဆင်းခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် ထမင်းနှင့်ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်နှင့် ကော်ဖီ၊ လက်ဖက်အစိုနှင့် နှစ်ပြန်ကြော်ဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာသော်လည်း ကွမ်းယာဈေးနှုန်းမှာ သိသာစွာ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၄၇.၅၇ ရှိ၍ ယခင်လအခြေအနေ ၁၄၉.၂၉ နှင့်နှိုင်းယှဉ်ပါက ၁.၁၅% ကျဆင်းခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရွှေ နှင့် လက်ဝတ်ရတနာများ သိသာစွာ ကျဆင်း လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမပာတ်သောအုပ်စု၏ဈေးဆန္ဒန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၄၂.၆၉ ရှိ၍ ယခင်လအခြေအနေ ၁၄၅.၁၅ နှင့်နှိုင်းယှဉ်ပါက ၁.၇၀% ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

**၂၀၁၉ ခုနှစ်၊ မတ်လနှင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၆၀.၀၆ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆန္နန်း ၁၅၀.၁၃ နှင့် နှိုင်းယှဉ်ပါက ၆.၆၁% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏ဈေးနှုန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စု အားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

**အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆန္နန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၇၂.၄၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လအခြေအနေ ၁၆၄.၄၅ နှင့်နှိုင်းယှဉ်ပါက ၄.၈၃% မြင့်တက်လာ ပါသည်။ ဆန်(ဧည့်မထ) ဈေးနှုန်းမှာ ယခင်နှစ်ဈေးနှုန်းနှင့် သိသာစွာကွာခြားမှု မရှိသော်လည်း၊ ကြက်သား ၃.၃၉%၊ ဘဲဥ ၄.၂၉% နှင့် ကြက်ဥ ၇.၇၈% အသီးသီး ကျဆင်းလာပါသည်။ သို့သော် မြေပဲဆီ ၉.၂၉%၊ နှမ်းဆီ ၄.၇၃%၊ စားအုန်းဆီ ၅.၀၈%၊ ဝက်သား ၁၀.၆၁%၊ အမဲသား ၉.၆၁0%၊ ငါးခူ ၉.၇၅%၊ ငါးရံ့ ၁၁.၃၀%၊ ငါးမြစ်ချင်း ၁၈.၉၀%၊ ပုစွန်ခြောက် ၆.၁၄%၊ ငါးရံ့ခြောက် ၁၀.၈၅% ၊ ရေကျိုငါးပိ ၅.၄၁%၊ အာလူး ၁.၉၄% မြင့်တက်လာခဲ့ပါသည်။ ထို့အပြင် ကြက်သွန်ဖြူ ၆၈.၁၅%၊ ကြက်သွန်နီ ၅၅.၃၀% တို့ဖြင့် သိသာထင်ရှားစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၆၅.၀၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၄၁.၉၃ နှင့် နှိုင်းယှဉ်ပါက ၁၆.၂၅% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး(အခြမ်း/လုံး)၊ ဆေးရွက်ကြီး၊

စီးကရက် (ပြည်တွင်း/ပြည်ပ)နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၂၉.၆၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လအခြေအနေ ၁၂၄.၉၃ နှင့် နှိုင်းယှဉ်ပါက ၃.၈၁% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော လုံချည် (အမျိုးသမီး/အမျိုးသား)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဆွယ်တာ၊ ခြေအိတ် နှင့် စက်ချုပ်ခ (အမျိုးသမီး)နှင့် ဖိနပ် (သားရေ/ ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၉၉.၈၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၅၄.၁၃ နှင့် နှိုင်းယှဉ်ပါက ၂၉.၆၇% ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့၊ ထင်းနှင့် မီးသွေး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အပြင် လျှပ်စစ် ဓာတ်အားခ နှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ယခင်နှစ်ကထက် သိသာစွာမြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၃၃.၅၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၂၆.၆၅ နှင့် နှိုင်းယှဉ်ပါက ၅.၄၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ပရိဘောဂ ပစ္စည်းဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် သင်ဖြူးဖျာ၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်နှင့် လျှပ်စစ်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာမြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၆၁.၈၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လအခြေအနေ ၁၅၀.၄၅ နှင့်နှိုင်းယှဉ်ပါက ၇.၅၆% မြင့်တက်လျက်ရှိပါသည်။ ဆေးကုသခဈေးနှုန်းများ၊ ဆေးဈေးနှုန်းများနှင့် တိုင်းရင်းဆေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၀၆.၄၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၁၁.၉၃ နှင့်နှိုင်းယှဉ်ပါက ၄.၈၈% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆန္ဒန်းတွင်ပါဝင်သော ပြည်ပမှ တင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀.၅၀ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် အမေရိကန် ဒေါ်လာ ၄၅.၅၂ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဒီဇယ်ဆီဈေးနှုန်း မှာလည်း ၂၀၁၉ ခုနှစ်၊ မတ်လတွင် တစ်ဂါလန်လျှင် ၄၅၀၃.၀၆ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ၃၁၄၀.၄၅ ကျပ်သို့ ကျဆင်းလာပါသည်။ အလားတူ ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၂.၃၇ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၃၇.၄၄ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဓာတ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ မတ်လတွင် တစ်ဂါလန်လျှင် ၃၉၂၈.၀၆ ကျပ် ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ၂၉၂၉.၃၃ ကျပ်သို့ ကျဆင်းလာပါသည်။ သို့ရာတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ဘတ်စ်ကားခ၊ အငှားယာဉ်ခများနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၀၁.၃၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၀၁.၇၆ နှင့် နှိုင်းယှဉ်ပါက ၀.၄၂% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များ ဝင်ရောက်မှုများပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်း လာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၂၃.၂၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လအခြေအနေ ၁၁၀.၀၆ နှင့် နှိုင်းယှဉ်ပါက ၁၁.၉၈% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၃၃.၈၉ နှင့် နှိုင်းယှဉ်ပါက ၄.၅၉% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၃၇.၃၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၂၆.၉၃ နှင့်နှိုင်းယှဉ်ပါက ၈.၂၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၌ ၁၄၇.၅၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၃၇.၆၁ နှင့်နှိုင်းယှဉ်ပါက ၇.၂၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၀.၅၉%၊ လက်ဝတ်ရတနာ ၁၈.၄၅%၊ ဆံပင်ညှပ်ခ(ကျား) ၆.၃၄%၊ ဆံပင်ညှပ်ခ(မ) ၆.၃၉%၊ ကိုယ်တိုက်ဆပ်ပြာ ၄.၂၈%၊ သနပ်ခါး ၅.၄၅%၊ သွားတိုက်ဆေး ၉.၂၆% နှင့် မုတ်ဆိတ်ရိတ်ဓား ၁၀.၉၂% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ၁၄၂.၆၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ မတ်လ အခြေအနေ ၁၂၉.၉၈ နှင့်နှိုင်းယှဉ်ပါက ၉.၇၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအခြေအနေတင်ပြခြင်း


၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ မတ်လတွင် ၁၅၀.၁၃ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ အစားအစာအုပ်စုဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာခဲ့ရာ မတ်လတွင်လည်း ဆက်လက် ကျဆင်းနေခြင်းကြောင့် စားသုံးသူဈေးဆန္နန်းမှာ ဆက်လက်ကျဆင်းလာပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္နန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ နှစ်အလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် မန္တလေးမြို့တွင် ၁၂.၃၆% ဖြင့် အများဆုံး ပြောင်းလဲမှုဖြစ်ပေါ်နေပြီး မွန်ပြည်နယ်တွင် ၂.၈၁% ဖြင့် အနည်းဆုံးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဧပြီလ၌ ၈.၇၃% ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ မေလတွင် ၉.၅၇% ရှိခဲ့ပါသည်။ သို့သော် ဇွန်လတွင် ၉.၅၁% သို့ အနည်းငယ် ပြန်လည်ကျဆင်းသွားပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ မြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ သိသိသာသာ ဆက်လက်မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှစ၍ ယခင်နှစ် အလားတူကာလကထက် ကုန်စည်ဈေးနှုန်းတက်နှုန်းများ တဖြည်းဖြည်းပြန်လည် လျော့နည်းလာရာ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ၆.၆၁% သို့ လျော့နည်းလာခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ တစ်နှစ်ပျမ်းမျှ ၉.၁၀% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီအထိ တစ်နှစ်ပျမ်းမျှ ၉.၂၀% နှင့် နှိုင်းယှဉ်ပါက ၀.၁၀% ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ၇.၅၁% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၁% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းဈေးနှုန်းများ တက်နှုန်းနည်းခဲ့၍ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ခရီးသွားရာသီဖြစ်၍ ခရီးသွားလာသူများပြားပြီး လောင်စာဆီဈေးနှုန်းများမြင့်တက်ခဲ့ခြင်းနှင့် စားသုံးကုန်စည်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဒီဇင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ပါသည်။ သို့သော် အမေရိကန်ဒေါ်လာဈေးနှုန်းများကျဆင်းလာခြင်းနှင့်အတူ ပြည်တွင်းလောင်စာဆီဈေးနှုန်းများပါ အနည်းငယ် ကျဆင်းလျက်ရှိသော်လည်း တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် တိုးနှုန်းအရှိန်မြင့်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၂၀% သို့ ဆက်လက်မြင့်တက်လာပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင်မူ အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ သိသိသာသာကျဆင်းလာသည့်အပြင် ပြည်တွင်းလောင်စာဆီဈေးနှုန်းများကျဆင်းလာခြင်းနှင့် အစားအစာအုပ်စုဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၁၀% သို့ ပြန်လည်ကျဆင်းလာခဲ့ပါသည်။



၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂.၉၆% ဖြင့် ပထမအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၂.၅၄% ဖြင့် ဒုတိယအမြင့်ဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ၁၁.၅၀% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၂.၃၆% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး မွန်ပြည်နယ်တွင် ၂.၈၁%ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဈေးကွက်အတွင်း ဆန်ဟောင်းများ ကုန်ဆုံးချိန်ဖြစ်ပြီး ဆန်သစ်များထွက်ရှိချိန်ဖြစ်၍ ပစ္စည်းမှာယူရသည့် ဈေးကွက်နှင့် ဈေးကွက်ဝယ်လိုအားအပေါ်မူတည်နေခြင်း၊ ပို့ဆောင် ဆက်သွယ်ရေးခက်ခဲနေသော နယ်မြေဒေသအခြေအနေအရ ဆန်ဝင်ရောက်မှုနှင့် တင်ပို့မှုများ နည်းပါးခြင်းများကြောင့် ဈေးနှုန်းများအနည်းငယ်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင် ပါဝင်သော မြေပဲဆီဈေးနှုန်းမှာ သိသာစွာ ပြောင်းလဲမှု မရှိသော်လည်း၊ နှမ်းဆီဈေးနှုန်းနှင့် စားအုန်းဆီ ဈေးနှုန်းများမှာ ကျဆင်းလာပါသည်။ ပြည်ပစားအုန်းဆီတင်သွင်းသည့်ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၀.၀၆ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၄၃.၁၅ သို့ ကျဆင်းလာခြင်းနှင့် နိုင်ငံခြားငွေလဲနှုန်းသိသိသာသာ ကျဆင်းခဲ့ခြင်းကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများ ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် အသားတိုး ကြက်မွေးမြူသူများပြားလာခြင်းကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါ

သည်။ ပြည်ပမှ ကွဲ၊ နွား၊ ဆိတ် ဝယ်ယူမှုများရှိနေခြင်းနှင့် ဆိတ်ကောင်ရေ မွေးမြူသူရှားပါးလာခြင်းတို့ကြောင့် အမဲသားနှင့် ဆိတ်သားဈေးနှုန်းများ ယခင်လကထက် မြင့်မားနေပါသည်။ အသားဈေးနှုန်းများ မြင့်မားနေသဖြင့် စားသုံးမှုလျော့နည်းလာပြီး ငါးစားသုံးမှု ပိုမို များပြားလာပါသည်။ ရာသီဥတုပူပြင်းသောကာလဖြစ်၍ ငါးဖမ်းဆီးရရှိမှုနည်းပါးလာခြင်းနှင့် ငါးမွေးမြူစရိတ် မြင့်မားလာခြင်းတို့ကြောင့် ငါးဈေးနှုန်းများ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဥ အထွက်နှုန်းများလာသောကြောင့် ဘဲဥနှင့် ကြက်ဥ ဈေးနှုန်းမှာလည်း ဆက်လက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) ရာသီဥတုပူပြင်းလာသဖြင့် သံပုရာသီး၊ ရှောက်သီးနှင့် ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်ဈေးနှုန်းများ သိသာစွာ မြင့်တက်နေသော်လည်း ကျန်ဟင်းသီးဟင်းရွက်ဈေးနှုန်းများနှင့် အသီးအနှံဈေးနှုန်းများကျဆင်းလာပါသည်။ ထို့အပြင်ရာသီပေါ်ချိန်ဖြစ်၍ ခရမ်းချဉ်သီးနှင့် ခရမ်းသီးဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ ကြက်သွန်ဖြူအသစ်ပေါ်ချိန်ဖြစ်၍ ကုန်ပစ္စည်းအဝင်များလာခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းလာပါသည်။ အလားတူ ကြက်သွန်နီဈေးနှုန်းများမှာလည်း ကြက်သွန်နီအသစ်ပေါ်ချိန်ဖြစ်ခြင်း၊ အစိုဓာတ်ပါသော မိုးကြက်သွန်ဖြစ်သဖြင့် နယ်စပ်တင်ပို့မှုများလည်း လျော့နည်းနေခြင်းတို့ကြောင့် ကြက်သွန်နီဈေးနှုန်းများ သိသိသာသာကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကုလားပဲဈေးနှုန်း အနည်းငယ်ကျဆင်းနေခြင်းမှာ ကုလားပဲကို ပြည်တွင်းလုပ်ငန်းများမှ စားသောက်ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းအဖြစ် ဝယ်ယူမှုနည်းပါးလာခြင်းနှင့် ပြည်ပပို့ကုန် ပဲမျိုးစုံများ သိသိသာသာ ဝယ်ယူမှုမရှိခြင်းတို့ကြောင့် ပဲဈေးနှုန်းများလည်း ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၁၀၇၅၄၈.၂၃ ကျပ်ဖြစ်သဖြင့် လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀.၅၉% မြင့်တက်လျက်ရှိသော်လည်း၊ လွန်ခဲ့သောလကထက် ၃.၇၀% ကျဆင်းလာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်

ဒေါ်လာ ၁၅၉၉.၆၂ ရှိရာမှ ၁၅၈၆.၆၂ သို့ ၀.၈၁% ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေ ဈေးနှုန်း ကျဆင်းလာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းမှာလည်း လိုက်ပါ ကျဆင်း လျက်ရှိပါသည်။

(ဆ) ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၅.၂၃ မှ ၄၅.၅၂ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၃.၀၂ မှ ၃၇.၄၄ သို့လည်းကောင်း သိသာထင်ရှားစွာကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသည့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာသည့်အတွက် ပြည်တွင်း လောင်စာဆီဈေးနှုန်းများပါ သိသိသာသာ လိုက်ပါကျဆင်းလျက်ရှိကြောင်း တွေ့ရှိ ရပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း မှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၁၁၀ ကျပ် ကျဆင်းလာ သကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ၄၆ ကျပ်ခန့် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းခြင်းနှင့် ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းများ သိသိသာသာ ကျဆင်းခြင်းကြောင့် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်း များ သိသိသာသာ ကျဆင်းလာပါသည်။ ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ ကျဆင်းလာသည့်အပြင် ကမ္ဘာတစ်ဝှမ်းတွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေသဖြင့် ခရီးသွား လာသူနည်းပါးပြီး လောင်စာဆီအသုံးပြုမှုလျော့နည်းလာ၍ ပြည်တွင်း လောင်စာဆီဈေးနှုန်းများ လည်း သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ အလားတူ ကမ္ဘာ့ရွှေဈေးနှုန်းနှင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း ကျဆင်းလာပါသည်။ ထို့အပြင် အခြေခံစားသောက်ကုန်များ ဖြစ်သော စားသုံးဆီ၊ ငရုတ်သီးခြောက်(အပု၊အရှည်)၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူး ဈေးနှုန်းများနှင့်အသားနှင့်ဥဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်ကျဆင်းလာခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် မတ်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မတ်လ | ဖေဖော်ဝါရီလ | မတ်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| (က) | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | ၁၀၀.၀၀ | ၁၅၀.၁၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | -၀.၇၆ | ၆.၆၁ | ၉.၁၀ |
| ၀၁ | **အစားအစာအုပ်စု** | ၅၈.၄၆ | ၁၆၄.၄၅ | ၁၇၂.၇၆ | ၁၇၂.၄၀ | -၀.၂၁ | ၄.၈၃ | ၈.၅၂ |
| | **အစားအစာမဟုတ်သောအုပ်စု** | ၄၁.၅၄ | ၁၂၉.၉၈ | ၁၄၅.၁၅ | ၁၄၂.၆၉ | -၁.၇၀ | ၉.၇၈ | ၁၀.၁၁ |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၁.၉၃ | ၁၇၀.၈၂ | ၁၆၅.၀၀ | -၃.၄၁ | ၁၆.၂၅ | ၈.၅၉ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၄.၉၃ | ၁၂၉.၄၄ | ၁၂၉.၆၉ | ၀.၂၀ | ၃.၈၁ | ၄.၇၂ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၅၄.၁၃ | ၂၀၀.၄၉ | ၁၉၉.၈၅ | -၀.၃၂ | ၂၉.၆၇ | ၂၄.၈၁ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၆.၆၅ | ၁၃၃.၄၆ | ၁၃၃.၅၄ | ၀.၀၆ | ၅.၄၄ | ၇.၀၈ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၅၀.၄၅ | ၁၆၁.၅၅ | ၁၆၁.၈၃ | ၀.၁၇ | ၇.၅၆ | ၈.၈၁ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၁.၉၃ | ၁၁၄.၆၂ | ၁၀၆.၄၇ | -၇.၁၁ | -၄.၈၈ | ၃.၄၂ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၇၆ | ၁၀၁.၃၈ | ၁၀၁.၃၃ | -၀.၀၄ | -၀.၄၂ | -၀.၆၅ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၁၀.၀၆ | ၁၂၃.၃၉ | ၁၂၃.၂၄ | -၀.၁၂ | ၁၁.၉၈ | ၁၂.၄၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၃.၈၉ | ၁၄၀.၀၃ | ၁၄၀.၀၄ | ၀.၀၁ | ၄.၅၉ | ၄.၇၆ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၆.၉၃ | ၁၃၇.၅၀ | ၁၃၇.၃၅ | -၀.၁၁ | ၈.၂၁ | ၅.၆၈ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၃၇.၆၁ | ၁၄၉.၂၉ | ၁၄၇.၅၇ | -၁.၁၅ | ၇.၂၄ | ၉.၉၁ |
| (ခ) | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | ၃၂.၆၃ | ၁၂၆.၁၇ | ၁၄၂.၉၇ | ၁၄၂.၈၂ | -၀.၁၁ | *၁၃.၂၀ | *၁၁.၇၄ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် မတ်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မတ်လ | ဖေဖော်ဝါရီလ | မတ်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၀.၁၄ | ၁၅၈.၈၆ | ၁၅၇.၄၅ | -၀.၈၉ | ၄.၈၇ | ၃.၈၀ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၅၄.၁၂ | ၁၆၁.၁၆ | ၁၅၉.၅၃ | -၁.၀၁ | ၃.၅၁ | ၇.၆၂ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၃၇.၉၂ | ၁၄၆.၀၂ | ၁၄၅.၇၉ | -၀.၁၆ | ၅.၇၁ | ၇.၅၆ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၉၉.၉၁ | ၂၀၈.၃၁ | ၂၀၆.၂၇ | -၀.၉၈ | ၃.၁၈ | ၇.၄၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၅၀.၉၃ | ၁၅၇.၂၉ | ၁၅၅.၈၁ | -၀.၉၄ | ၃.၂၄ | ၁၁.၁၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၅.၂၁ | ၁၄၂.၃၄ | ၁၄၀.၉၀ | -၁.၀၁ | ၄.၂၂ | ၇.၁၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၄၆.၀၂ | ၁၅၇.၅၀ | ၁၅၅.၅၉ | -၁.၂၁ | ၆.၅၅ | ၉.၀၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၅၇.၇၅ | ၁၇၀.၅၁ | ၁၆၉.၃၇ | -၀.၆၇ | ၇.၃၇ | ၁၁.၅၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၄၃.၀၇ | ၁၅၅.၆၈ | ၁၅၄.၀၇ | -၁.၀၃ | ၇.၆၉ | ၁၀.၄၉ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၄၂.၇၃ | ၁၄၈.၄၁ | ၁၄၆.၇၄ | -၁.၁၂ | ၂.၈၁ | ၆.၄၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၈၄.၁၈ | ၁၉၃.၆၃ | ၁၉၃.၂၇ | -၀.၁၉ | ၄.၉၄ | ၅.၁၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၈.၇၁ | ၁၅၂.၅၄ | ၁၅၁.၇၃ | -၀.၅၃ | ၉.၃၈ | ၈.၃၆ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၀.၄၈ | ၁၆၉.၇၈ | ၁၆၈.၃၀ | -၀.၈၇ | ၄.၈၇ | ၆.၅၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၅၀.၈၄ | ၁၆၈.၉၇ | ၁၆၇.၈၁ | -၀.၆၉ | ၁၁.၂၅ | ၁၂.၉၆ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၃၃.၉၄ | ၁၄၆.၆၇ | ၁၄၅.၉၄ | -၀.၅၀ | ၈.၉၆ | ၉.၀၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၅၀.၉၂ | ၁၆၁.၇၈ | ၁၆၁.၂၆ | -၀.၃၂ | ၆.၈၅ | ၈.၃၁ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၄၃.၈၇ | ၁၆၂.၆၄ | ၁၆၁.၆၆ | -၀.၆၁ | ၁၂.၃၆ | ၁၂.၅၄ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၄၀.၅၂ | ၁၅၁.၈၇ | ၁၄၉.၀၃ | -၁.၈၆ | ၆.၀၆ | ၁၁.၃၆ |
| | တစ်နိုင်ငံလုံး | ၁၀၀.၀၀ | ၁၅၀.၁၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | -၀.၇၆ | ၆.၆၁ | ၉.၁၀ |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ (ကျပ်) | ၂၀၂၀ ပြည့်နှစ် မတ်လ (ကျပ်) | ၂၀၁၉ ခုနှစ် မတ် (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၄၉၄.၂၆ | ၁၄၉၉.၆၃ | ၁၅၀၀.၀၀ | ၀.၃၆ | -၀.၀၂ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၈၉၄.၀၆ | ၆၈၉၀.၀၇ | ၆၃၀၄.၃၅ | -၀.၀၆ | ၉.၂၉ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၈၄၄.၆၉ | ၆၈၁၈.၄၄ | ၆၅၁၀.၆၃ | -၀.၃၈ | ၄.၇၃ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၂၄၄.၆၀ | ၂၁၈၄.၆၀ | ၂၀၇၉.၀၃ | -၂.၆၇ | ၅.၀၈ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၉၉၅.၈၂ | ၆၉၁၉.၃၉ | ၇၁၆၂.၃၆ | -၁.၀၉ | -၃.၃၉ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၃၄၂.၂၃ | ၁၀၃၄၀.၅၄ | ၉၃၄၈.၃၁ | -၀.၀၂ | ၁၀.၆၁ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၃၃၂.၇၁ | ၁၄၃၁၈.၆၉ | ၁၃၀၆၃.၂၆ | -၀.၁၀ | ၉.၆၁ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၂၄.၃၅ | ၁၇၅၈.၈၄ | ၁၈၃၇.၇၂ | -၃.၅၉ | -၄.၂၉ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၆၁.၆၀ | ၁၂၂၇.၂၀ | ၁၃၃၀.၆၈ | -၂.၇၃ | -၇.၇၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၉၀၇၁.၁၁ | ၉၂၀၇.၂၂ | ၈၃၈၉.၄၄ | ၁.၅၀ | ၉.၇၅ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၀၅၄.၄၀ | ၉၃၀၂.၀၇ | ၈၃၅၈.၀၃ | ၂.၇၄ | ၁၁.၃၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၄၉၉.၅၅ | ၅၅၂၅.၈၉ | ၄၆၄၇.၃၂ | ၀.၄၈ | ၁၈.၉၀ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၃၈၂၅.၅၃ | ၃၄၂၆၁.၇၀ | ၃၂၂၈၀.၈၅ | ၁.၂၉ | ၆.၁၄ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၂၇၃၃.၈၂ | ၃၃၁၁၆.၁၈ | ၂၉၈၇၅.၉၈ | ၁.၁၇ | ၁၀.၈၅ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၄၆၇.၇၀ | ၃၄၉၂.၉၂ | ၃၃၁၃.၇၂ | ၀.၇၃ | ၅.၄၁ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၈၀၉.၀၃ | ၆၆၅.၁၃ | ၁၀၇၅.၄၂ | -၁၇.၇၉ | -၃၈.၁၅ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၈၂.၁၀ | ၂၃၆၄.၈၇ | ၂၃၅၆.၅၁ | -၀.၇၂ | ၀.၃၅ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၇၆.၉၁ | ၁၁၄၈.၁၉ | ၁၁၂၆.၃၁ | -၂.၄၄ | ၁.၉၄ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၄၁၃၅.၃၄ | ၃၉၂၉.၃၂ | ၂၃၃၆.၈၄ | -၄.၉၈ | ၆၈.၁၅ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၁၇၅.၆၀ | ၁၅၂၀.၄၀ | ၉၇၉.၀၀ | -၃၀.၁၂ | ၅၅.၃၀ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၄၈၆.၈၃ | ၅၄၉၂.၅၃ | ၅၂၁၀.၆၄ | ၀.၁၀ | ၅.၄၁ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၇၅.၇၅ | ၅၅၇၉.၀၇ | ၅၃၀၇.၉၇ | ၀.၀၆ | ၅.၁၁ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၅၀၁၃၇.၆၁ | ၁၁၀၇၅၄၈.၂၃ | ၁၀၀၁၅၂၀.၃၅ | -၃.၇၀ | ၁၀.၅၉ |
| ၂၄ | ထင်း | | ပိဿာ | ၃၇၁.၆၆ | ၃၇၁.၆၆ | ၃၃၄.၉၂ | ၀.၀၀ | ၁၀.၉၇ |
| ၂၅ | မီးသွေး | | ။ | ၆၉၆.၅၁ | ၇၀၀.၂၂ | ၆၅၃.၇၁ | ၀.၅၃ | ၇.၁၁ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၃.၉၅ | ၄၅၂.၈၅ | ၄၃၅.၅၃ | -၀.၂၄ | ၃.၉၈ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၁၁.၁၁ | ၁၁၁၁.၁၁ | ၁၀၉၅.၉၁ | ၀.၀၀ | ၁.၃၉ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၄၀၈၈.၂၃ | ၃၁၄၀.၄၅ | ၄၅၀၃.၀၆ | -၂၃.၁၈ | -၃၀.၂၆ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၃၇၆၆.၉၃ | ၂၉၂၉.၃၃ | ၃၉၂၈.၀၆ | -၂၂.၂၄ | -၂၅.၄၃ |

# ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်နှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | | | ၂၀၂၀ ပြည့်နှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
| စားသုံးသူဈေးဆန်နှုန်း(CPI) | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ | ၁၆၀.၀၆ |
| စားသုံးသူဈေးဆန်နှုန်း(Core CPI) | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ | ၁၄၂.၈၂ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | | | ၂၀၂၀ ပြည့်နှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၅၇ | ၉.၅၁ | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ | ၈.၇၂ | ၈.၂၆ | ၉.၄၅ | ၉.၀၉ | ၈.၃၆ | ၆.၆၁ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation– Core Inflation) | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ | ၆.၃၄ | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆၀ | ၁၃.၂၀ |